အစိမ်းရောင်လမ်း စာအုပ်စင်



# သရက်
# စိုက်ပျိုးနည်း



## Agriculture Cluster - Myanmar

myanmar.humanitarianinfo.org မှ
ကူးယူဖော်ပြသည်။






# နည်းပညာအနှစ်ချုပ် (အမှတ်စဉ်-၃၁)

## ဥယျာဉ်ခြံစိုက်ပျိုးရေး – သစ်သီးပင်များ

## သရက်





### အသုံးပြုပုံများ

သရက်သီးကို အချိုပွဲ အသီးအနေဖြင့်ဖြစ်စေ သို့မဟုတ် အမျိုးမျိုးသော ထုတ်ကုန်များအဖြစ် ပြုပြင်၍ဖြစ်စေ စားသုံးနိုင်ပါသည်။ သရက်သီးမှည့်ကို အချပ်အလွှာများအပြင် စည်သွတ်ခြင်း ပြုလုပ်နိုင်သည်။ သို့မဟုတ် ဖျော်ရည်၊ ယိုများ၊ ကော်ရည်များ၊ အချိုရည်များနှင့် တာရှည်ခံအောင် ပြုလုပ်ထားသော ပစ္စည်းများအဖြစ် ပြုပြင်နိုင်ပါသည်။ အရှေ့ပိုင်းနှင့် အာရှယဉ်ကျေးမှုတွင် သရက်သီးစိမ်း (မရင့်မှည့်သေးသောသရက်သီး)ကို သရက်ချဉ်၊ ချိုချဉ်သနပ်နှင့် ချဉ်ဖတ်များအဖြစ် အသုံးပြုပါသည်။

အစေ့ကိုလည်း အစာရိက္ခာ ခက်ခဲမှုရှိချိန်တွင် စားသုံးနိုင်ပါသည်။ သစ်သား (သရက်သစ်)ကို လှေများ၊ ကြမ်းခင်း၊ ပရိဘောဂနှင့် အခြားအသုံးအဆောင်များအတွက် အသုံးပြုပါသည်။

သရက်သီးတွင် ရေဓာတ် ၈၁.၇%ခန့်၊ ကာဗိုဟိုက်ဒြိတ် ၁၇%၊ အသားဓာတ် ၀.၅%၊ အဆီ ၀.၃%နှင့် ပြာဓာတ် ၀.၅% ပါဝင်ပါသည်။ သရက်သီး ၁၀၀ ဂရမ်တွင် ၆၅ ကယ်လိုရီပါရှိပြီး လိမ္မော်သီးတွင် တွေ့ရသည့် ဗီတာမင်-စီ တစ်ဝက်ခန့် ရှိပါသည်။ သရက်သီးသည် အသီးအတော်များများထက် ဗီတာမင်-အေ ပိုမိုကြွယ်ဝပါသည်။

### မျိုးပွားခြင်း

မျိုးကောင်းသရက်မျိုးများတွင် မကြာခဏ သန္ဓေလောင်း တစ်ခုသာ ပါရှိပါသည်။ ထို့ကြောင့် ကိုင်းကူးဆက်မျိုးပွားခြင်း လိုအပ်ပါသည်။ ကိုင်းဆက်ပင်များသည် အစေ့စိုက်ပင်များထက် ကြီးထွားမှု

ပိုနှေးပါသည်။ အရွယ်ငယ်ပါသည်။ အစေ့စိုက်အပင်များသည် အစဉ်သဖြင့် အသီးသီးသည့် အရွယ်သို့ရောက်ရန် အနည်းဆုံး (၅)နှစ်ကြာချိန်တွင် ခြောက်သွေ့သော ဒေသများ၌ ကိုင်းဆက်ပင်များသည် ၃ နှစ်မှ ၅ နှစ်အရွယ်တွင် အစဉ်သဖြင့် အသီးထွက်ရှိပါသည်။ သရက်ပင်များသည် နှစ် ၄၀ သို့မဟုတ် ထို့ထက်ပို၍ အသီးထုတ်လုပ်ပေးပါသည်။ သပ်ထိုးဆက်နည်းသည် တစ်ခါတစ်ရံတွင် သရက်မျိုးများ မျိုးပွားရန်ဖြစ်ပါသည်။ အပင်အိုများကို ထိပ်ပိုင်းဖြတ်၍ ပြုလုပ်နိုင်ပါသည်။ သရက်ပင်များကို ကိုင်းဖြတ်များ သို့မဟုတ် မြေထုပ်စည်းနည်းများဖြင့် မျိုးပွားခြင်း မပြုလုပ်ပါ။ အကြောင်းမှာ ယင်းအပင်များသည် အမြစ်အင်အား နည်းသည့်အတွက်ကြောင့် ဖြစ်ပါသည်။

## မြေအမျိုးအစားနှင့် နေရာဒေသ

သရက်မျိုးများသည် သဲနုံးမြေမှ မြေနီမြေစေးမြေများအထိ မြေအမျိုးအစား များများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ မြေချဉ်ငံကိန်း ၅.၅ မှ ၇.၅ ထိ နှစ်သက်ပါသည်။ မြေသားထုရှိသော မြေဩဇာထက်သန်သည့် မြေများသည် သီးထွက်အကောင်းဆုံးနှင့် အသီးအရည်အသွေးတို့ကို ပေးပါသည်။ ရေနုတ်ကောင်းသော မြေများဖြစ်ရန် လိုပါသည်။ ရေဝပ်ခြင်းကို တားဆီးရန် အသင့်အတင့်စောင်းသော မြေနေရာများလည်း ဖြစ်ရပါမည်။ ရေစိမ့်ဝင်မှု မရှိသော အလွှာများ မရှိသည့် မြေသားထုများသည် ခြောက်သွေ့မှုဒဏ် ခံနိုင်ရည်ရှိခြင်းနှင့် လေတိုက်မှုဒဏ် ခံနိုင်ရည်ရှိမှုကို ကူညီပေးသော နက်နက်တိုးဝင်သည့် ရေသောက်မြစ်များ ကြီးထွားဖွံ့ဖြိုးမှုကို ခွင့်ပြုပေးပါသည်။

သရက်သည် တစ်နှစ်လျှင် မိုးရေချိန် ၆၀ လက်မထက် လျော့နည်းရရှိသော ပူ၍ ခြောက်သွေ့သည့် ဒေသများတွင် အကောင်းဆုံး ဖြစ်ထွန်းပါသည်။ သို့ရာတွင် ယင်းဒေသများတွင် အထွက်နှုန်းမြင့်မားစေရန်အတွက် ရေသွင်းပေးခြင်း လိုအပ်ပါသည်။ စွတ်စိုသော၊ မိုးများသော ဒေသများတွင် ပန်းပွင့်များနှင့် ကြီးထွားဆဲ အသီးများတွင် မကြာခဏ မှည့်ပျောက်စွန်းရောဂါများ ဖျက်ဆီးတတ်ပါသည်။

ခြောက်သွေ့ရာသီ ပန်းပွင့်ချိန်ကာလသည် အသီးတင်ရန် အကောင်းဆုံးဖြစ်ပါသည်။ လေတိုက်ပါက ပန်းပွင့်များ ဖျက်ဆီးခံရတတ်ပါသည်။ ၎င်းပြင် အထွက်နှုန်းများ လျော့နည်းပါသည်။ သရက်ပင်များကို လေပြင်းတိုက်ခတ်မှုမှ အကာအကွယ် ပြုလုပ်ပေးသင့်ပါသည်။ သို့ရာတွင် လေကာပင်များ၏ အရိပ်ကျမှုနှင့် သရက်ပင်များနှင့် ယှဉ်ပြိုင်မှုတို့ကို ရှောင်ရှားသင့်ပါသည်။

## စိုက်ပျိုးနည်းစနစ်များ

အမြစ်များ ကောင်းစွာ ကြီးထွားမှုကို ခွင့်ပြုရန် မျိုးအိုးပြည့်မလာမီ အိုးဖြင့်ပျိုးထားသော အပင်များကို ချက်ချင်း ပြောင်းရွှေ့စိုက်ပါ။ ပြောင်းရွှေ့စိုက်သည့် အပင်များကို အမြစ်များ ဖြတ်ပေးခြင်း ရှောင်ပါ။ တီစူပါမြေသြဇာ (၀-၄၅-၀)ကို စိုက်ကျင်းထဲသို့ မြေနှင့်အတူ ရောထည့်ပေးသင့်ပါသည်။ သို့ရာတွင် အခြားမြေသြဇာများကိုမူ ပြောင်းရွှေ့စိုက်မှုကြောင့် ဖြစ်သည့်ဒဏ်မှ ပြန်၍ လန်းလာသည့်အချိန်မတိုင်မီထိ ထည့်သွင်းပေးခြင်း မပြုသင့်ပါ။

သရက်မျိုးများသည် အပင်ကြီးမျိုးများဖြစ်၍ ၃၅ ပေ မှ ၄၀ ပေထိခွာ၍ စိုက်သင့်ပါသည်။

ကြီးထွားနေဆဲ သရက်ပင်များကို မြေပြင်မှ ၂ ပေအောက်ရှိ အနိမ့်ကိုင်းများကို ဖယ်ရှားပစ်ရန်နှင့် ယင်းအထက်တွင် ပင်စည်ပေါ်၌ ပင်မကိုင်း ၃ ကိုင်းမှ ၄ ကိုင်းကို ချန်ထားပေးရန် ပုံသွင်းပေးသင့်ပါသည်။

အပင်ကြီးထွားမှုကို အရှိန်ရစေရန် အသီးစသီးသည့် ပထမနှစ်တွင် သီးလာသည့် အသီးများကို ဖယ်ရှားပေးသင့်ပါသည်။

ကောင်းစွာ ပုံသွင်းထားသော အပင်အိုကြီးများတွင် ကိုင်းဖြတ်ခြင်းကို သေနေသော အကိုင်းများ ဖယ်ရှားရန် ကန့်သတ်ထားရပါသည်။ ကိုင်းဖြတ်ပေးခြင်းကို အသီးသီးပြီးနောက် အညွန့်သစ်များ မထွက်မီ ပြုလုပ်ပေးရပါသည်။ ကိုင်းဖြတ်ပေးခြင်းကို ခြင်ယပ်များအတွက် အပင်ကို ထိန်းချုပ်ထားရန်အတွက်လည်း ပြုလုပ်ပေးရပါသည်။ ကိုင်းဖြတ်ပေးခြင်းကြောင့် အသစ်ထွက်လာသည့် ကိုင်းများမှ ပန်းပွင့်နောက်ကျခြင်းကိုလည်း မျှော်မှန်းရရှိနိုင်ပါသည်။

သရက်ပင်ငယ်များသည် ရေရမှု မနည်းသင့်ပါ။ မိုးရွာသွန်းမှု အကန့်အသတ်ဖြစ်လျှင် ပထမနှစ်အတွင်း နှစ်ပတ်တစ်ကြိမ်၊ ဒုတိယနှစ်အတွင်း ၃ ပတ်တစ်ကြိမ်နှင့် ယင်းနောက်တွင် တစ်လတစ်ကြိမ် ရေပေးသွင်းသင့်ပါသည်။

အရွယ်ရောက်အပင်များသည် ပန်းမပွင့်မီ အနည်းဆုံး ၂ လတွင် ရေပေးသွင်းခြင်းကို ထိန်းချုပ်ပေးထားလျှင် (ရေဖြတ်ပေးထားလျှင်) ထုတ်လုပ်မှု ပိုလာပါသည်။ ပူ၍ ခြောက်သွေ့ရာသီဖြစ်သော်လည်း အသီးကြီးထွားမှုအတွက် အဆင်ပြေပါသည်။ ပန်းပွင့်ချိန်နှင့် ရိတ်သိမ်းချိန်ကြားတွင် ရေဖြည့်ပေးခြင်းသည် အထွက်နှုန်းကောင်းရန်အတွက် သင့်လျော်ပါသည်။

အပင်ငယ်သည် ပထမနှစ်အတွင်း တစ်နှစ်လျှင် နိုက်တြိုဂျင် ၀.၁ မှ ၀.၂ ပေါင် (ဥပမာ ၁၀-၂၀-၂၀ မြေသြဇာ ၁ ပေါင်မှ ၂ ပေါင်)နှင့် ၂ နှစ်သားနှင့် ၃ နှစ်သားအတွင်း နိုက်တြိုဂျင် ၀.၁၅ မှ ၀.၃ ပေါင် (ဥပမာ ၁၀-၂၀-၂၀ မြေသြဇာ ၁.၅ ပေါင်မှ ၃ ပေါင်)ကို ရရှိသင့်ပါသည်။

တစ်နှစ်အတွက် စုစုပေါင်း မြေသြဇာကို ၃ ကြိမ် သို့မဟုတ် ၄ ကြိမ်ခွဲ၍ ထည့်ပေးသင့်ပါသည်။ ကြီးထွားမှု အသစ်မစမီ မျှတစွာ ကျွေးခြင်းကို ကြိုတင်ဆောင်ရွက်ပေးရပါသည်။

ယေဘူယျအားဖြင့် အသီးသီးနေသော သရက်ပင်များသည် မြေပြင်မှ အမြင့် ၄ ပေမှ ၅ ပေ အထက်တွင် ပင်စည်၏ အချင်း ၁လက်မစီအတွက် တစ်နှစ်လျှင် နိုက်တြိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်စီယံများ ပါဝင်သည့် ဓာတ်စုံမြေဩဇာ ၃ ပေါင်နှုန်းခန့်စီ ရရှိသင့်ပါသည်။ မြေဩဇာ တစ်ဝက်ကို ပန်းမပွင့်မီလေးတွင် ထည့်ပေးသင့်ပါသည်။ ကျန်မြေဩဇာကို အသီးခူးဆွတ်ပြီးနောက် ထည့်ပေးသင့်ပါသည်။ ဖြည့်စွက်ထည့်ပေးသည့် နိုက်တြိုဂျင်ကို ပန်းပွင့်သည့်အခါထက် ပင်ပိုင်းကြီးထွားမှုများ အသစ်ဖြစ်ပေါ်ချိန် ပန်းပွင့်ခါနီးတွင် ထည့်ပေးသင့်ပါသည်။

အချိန်တိုအတွင်း လျင်မြန်စွာ အာဟာရ စုပ်ယူရရှိစေသော ဖြည့်စွက်နိုက်တြိုဂျင် ထည့်ပေးခြင်းမှအပ အာဟာရဓာတ်ကို ဖြည်းဖြည်းသာ စုပ်ယူရရှိစေသော မြေဩဇာများကို ပို၍ နှစ်သက်ပါသည်။ မြေဩဇာများကို အရွက်အစက်ချလိုင်း (အပင်ရိပ်ဝန်း) အောက်ခြေနေရာတွင် ဖြန့်ပက် ထည့်ပေးသင့်ပါသည်။ ဖြစ်နိုင်လျှင် မြေဩဇာထည့်ပြီး ရေပေးသွင်းခြင်းကို ဆက်၍ ပြုလုပ်သင့်ပါသည်။

သစ်ဆွေးမြေဩဇာများ ထည့်ပေးခြင်းသည် သရက်ပင်များကို ဝန်းခြံနောက်ဘက်တွင် စိုက်ပျိုးထားသည့်အခါ မြေဩဇာ လုံလောက်စွာ ရရှိစေနိုင်ပါသည်။

## ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန် ဆောင်ရွက်ချက်

သရက်ပင်များသည် နှစ် ၄၀ သို့မဟုတ် ပို၍ ထုတ်လုပ်ပေးနိုင်ပါသည်။ အသီးများကို အစဉ်သဖြင့် - အချို့ အနီ၊ အဝါ၊ သို့မဟုတ် လိမ္မော်ရောင်များသို့ ဖွံ့ဖြိုးလာပြီးနောက် ခူးယူပါသည်။ သရက်များ မှည့်လာပါမည်။ ၎င်းပြင် အသီး၏ အပြင်အရောင်ကို ဂရုမစိုက်ဘဲ အတွင်းသားသည် အဝါရောင်သို့ ပြောင်းလာသည့်အခါ ခူးယူနိုင်ပါသည်။ ခူးဆွတ်ရာသီသည် သရက်မျိုးကွဲကို လိုက်၍ ဧပြီလမှ ဇွန်လအတွင်း ဖြစ်ပါသည်။ ပန်းပွင့်ပြီးနောက် ၃ လမှ ၅ လအတွင်း အသီးကြီးရင့်ပါသည်။

သရက်သီးကို အပြည့်အဝ မမှည့်မီ ခူးဆွတ်သင့်ပါသည်။ ဤအချိန်ကျမှဆိုလျှင် အသားပျော့လာသည်။ ကြွေကျတတ်ပါသည်။ အသီးသည် အသီးခွံများတွင် အလွယ်တကူ ပွန်းပဲ့ဒဏ်ရာများ ဖြစ်တတ်ပါသည်။ ပျက်စီးမှု မရှိစေရန် ဂရုတစိုက် ကိုင်တွယ်ရပါမည်။ ယင်းတို့သည် အခန်းအပူချိန်တွင် ရင့်မှည့်ပါသည်။ ယင်းနောက် အအေးခန်းတွင် ထားရပါသည်။ ရင့်မှည့်သော သရက်သီးများသည် အပူချိန် ၁၀ ဒီဂရီမှ ၁၃ ဒီဂရီစင်တီဂရိတ်တွင် ရက်သတ္တနှစ်ပတ်မှ သုံးပတ်ထိ အအေးခန်းအောက်တွင် ကောင်းစွာ ရှိနေရပါသည်။

## ဖျက်ပိုး၊ ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ



http://myanmar.humanitarianinfo.org/agriculture/default.aspx

## ဖျက်ပိုးများ

၁။ သရက်တွင်ကျသည့် ဖြုတ်ပိုး

ဖျက်ဆီးမှု - ပင်ရည်ကို စုပ်သည်။ အညွန့်နုများ၊ ပန်းခိုင်များနှင့် အလွန်ငယ်သော အသီးများကို ညှိုးနွမ်းစေသည်။ ခြောက်သွေ့စေသည်။ အရွက်များသည် sooty mold ဟုခေါ်သော မှို၏ ဖွံ့ဖြိုးမှုကို တိုးပွားစေသော အပင်အစိတ်အပိုင်း နေရာများတွင် စေးကပ်သော အရည်များဖြင့် အချိုဓာတ်ဖြစ်လာသည်။

ကာကွယ်နှိမ်နင်းနည်း - အသီးစတင်ဖြစ်ချိန်မှ အသီးကြီးထွားဖွံ့ဖြိုးချိန်ထိ သတ်မှတ်ပေးထားသော ဓာတုဆေးများဖြင့် ပက်ဖျန်းပေးပါ။

၂။ သရက် အညွန့်ထိုးပိုး

ဖျက်ဆီးမှု - အညွန့်များ ညှိုးလာသည်။ ထိပ်ဖျားပိုင်းများ သေသည်။ ပန်းခိုင်များ ကျိုးပျက်သည်။ အပွင့်များ ကြွေကျသည်။

ကာကွယ်နှိမ်နင်းနည်း - ဖျက်ပိုးများ အပင်အကိုင်းအခက်များထဲသို့ တိုးဝင်ခြင်းကို မပြုလုပ်နိုင်စေရန် သေနေသော အကိုင်းများကို ကိုင်းဖြတ်ပေးပါ။ ကိုင်းဖြတ်ခြင်းနှင့် အစိတ်အပိုင်းများ မီးရှို့ပစ်ခြင်းသည် ယင်းပိုးများ ပျံ့နှံ့ခြင်းကို တားဆီးပေးပါသည်။

၃။ အခက်အလက်ဖြတ်ပိုး

ဖျက်ဆီးမှု - ခြောက်သွေ့ရာသီတွင် အလွန်ဖျက်ဆီးသည်။ ဤနည်းအားဖြင့် ပန်းပွင့်များ ဖြစ်ပေါ်မှုကို လျော့ကျစေသည်။ လက္ခဏာမှာ အပင်ရိပ်ဝန်းတွင် သေနေသော အခက်အလက်များနှင့် အရွက်များဖြစ်သည်။

ကာကွယ်နှိမ်နင်းနည်း - ယင်းတို့ ပျံ့နှံ့မှုကို တားဆီးရန် ထိခိုက်မှုရှိသော အစိတ်အပိုင်းများကို ကိုင်းဖြတ်ပေးခြင်း၊ မီးရှို့ပစ်ခြင်း။

၄။ သီးထိုးယင်

<u>ဖျက်ဆီးမှု</u> - အသီးခွံပေါ်တွင် ဥများအုခြင်းဖြင့် အလွယ်တကူ ဝင်ရောက်ပြီး ပုပ်သိုးစေသည်။ အတွင်းသားကို စားသော လောက်ကောင်များကို ဖြစ်စေသည်။ သရက်စေ့ထိုးပိုးသည် အသားကိုသာမက အစေ့ကိုပါ စားသည်။

<u>ကာကွယ်နှိမ်နင်းနည်း</u> - အသီးသည် ကြက်ဥအရွယ်ထိ ကြီးလာသည့်အခါ အသီးကို အိပ်စွပ်ပေးခြင်း သို့မဟုတ် ထုပ်ပိုးပစ္စည်းများ ဖုံးအုပ်ပေးခြင်း။ ဖျက်ပိုးများ ဝင်ရောက်မှုကို တားဆီးရန် အစိမ်းရောင်ဖြင့် အရွယ်ရောက်လာသည့်အခါ အသီးများ ခူးဆွတ်ခြင်း။

၅။ <u>Mealy Bug</u> - <u>စုပ်ပိုး</u>

<u>ဖျက်ဆီးမှု</u> - အသစ်ထွက်လာသော အရွက်များ၊ ပန်းပွင့်များနှင့် အသီးများကို ပင်ရည်ကို စုပ်ယူခြင်းဖြင့် ထိခိုက်စေသည်။ ထိခိုက်သော အပိုင်းများသည် ဝါလာသည်။ ခြောက်လာသည်။ နောက်ဆုံးတွင် ကြွေကျသည်။

<u>ကာကွယ်နှိမ်နင်းနည်း</u> - ပိုးထိုးထားသော အသီးများ၊ အပွင့်များ သို့မဟုတ် အရွက်များကို အပင်မှ ဖယ်ထုတ်ပစ်ခြင်း။

**<u>ရောဂါများ</u>**

၁။ **<u>မှည့်ပျောက်စွန်းရောဂါ</u>**

**<u>ရောဂါလက္ခဏာများ</u>** - အရွက်ရင့်များပေါ်တွင် စုတ်ပြတ်နေသော အပေါက်များ ဖြစ်ပေါ်လာသည်။ ပန်းပွင့်စမှ အသီးစတင်သည့် ကာလအတွင်း ပျက်ဆီးမှုများသော သရက်တွင် ကျရောက်သည့် အဓိက ရောဂါဖြစ်သည်။ ရိတ်သိမ်းခူးဆွတ်ပြီးနောက် တစ်ဖန် ပြန်ဖြစ်တတ်သည်။ အသီးရင့်မှည့်ချိန်တွင် အညိုရောင်ကွင်းမှ အနက်စက်များ ဖြစ်လာပြီး အသီးကို ပုပ်စေသည်။

**<u>ကာကွယ်နှိမ်နင်းနည်း</u>** - ပန်းဖူးစချိန်မှ အသီးကြီးထွားချိန်ထိ ထောက်ခံထားသော ဓာတုဆေးများ ပက်ဖျန်းပေးပါ။ အသီးမှည့်များကို ရေနွေးပူတွင် နှစ်ပေးပါ။

၂။ **<u>ချေးဖတ်ရောဂါ</u>**

**<u>ရောဂါလက္ခဏာများ</u>** - အသီးပေါ်တွင် မီးခိုးရောင်သန်းသည့် အညိုရောင် အစက်များ၊ အလယ်ဗဟိုတွင် အက်ကြောင်းပါရှိသည်။ အသားမှာ ဖော့သားကဲ့သို့ ဖြစ်လာသည်။

**<u>ကာကွယ်နှိမ်နင်းနည်း</u>** - မှည့်ပျောက်စွန်းရောဂါကဲ့သို့ တူညီသော ကာကွယ်နှိမ်နင်းနည်းများ အသုံးပြုပါ။

၃။ <u>Diplodia stem-end Rot</u> - **<u>အသီးညှာရင်းပုပ်ရောဂါ</u>**

**<u>ရောဂါလက္ခဏာများ</u>** - အသီးညှာရင်းတွင် မီးခိုးရောင်သန်းသော ခရမ်းရောင်အနာများ ဖြစ်လာပြီး နောက်ပိုင်းတွင် အမဲရောင်သို့ ပြောင်းသွားသည်။

**<u>ကာကွယ်နှိမ်နင်းနည်း</u>** - ကော့ပါးပါသော မှိုသတ်ဆေးရည်နောက်ဖြင့် အသီးများကို ဆေးပါ။

**<u>ကိုင်းဖြတ်ပြုပြင်ပေးခြင်း</u>**

သရက်ပင်များသည် နှစ်စဉ် အရွက်ကြွေတတ်သော အပင်မျိုးများ ဖြစ်သောကြောင့် ပန်းစပွင့်ရန် သို့မဟုတ် အထွက်တိုးရန်အတွက် နှစ်စဉ် ကိုင်းဖြတ်ပေးခြင်း ပြုလုပ်ရန် မလိုပါ။ ယင်းတို့သည် ကိုင်းထိပ်ဖျားမှ အသီးသီးကြပါသည်။ ၄င်းပြင် ပန်းများသည် အစဉ်အလာအားဖြင့် ရင့်နေသော သစ်သားပိုင်းများပေါ်တွင် ပန်းပွင့်မှု ဖြစ်ပေါ်ပါသည်။ ကိုင်းဖြတ်ချိန် မှားယွင်းပါလျှင် အကျိုးယုတ်မှုများ ဖြစ်နိုင်ပါသည်။ ကိုင်းဖြတ်ပေးခြင်းသည် အပင်ကြီးထွားမှု သန်စွမ်းစေရန်အတွက် အညွှန့်များ ဖွံ့ဖြိုးမှုကို လှုံ့ဆော်ပေးရန် ရည်ရွယ်ပါသည်။ အပင်ကို အလွန်အမင်း ဖြတ်တောက်မိလျှင် နှစ်နှစ်မှ သုံးနှစ်ထိ အသီးမသီးနိုင်ပါ။

ကိုင်းဖြတ်ခြင်းကို အပင်ပုံသွင်းရန်နှင့် အပင်ပေါ်သို့ အလင်းရောင်ရရှိရန်နှင့် လေဝင်လေထွက်မှု ရှိစေရန် ခွင့်ပြုပေးခြင်းအတွက် အတွင်းဗဟိုပိုင်းများကို အလင်းဖွင့်ပေးရန် ပြုလုပ်ပါသည်။ ယင်းသို့ ပြုလုပ်ပေးသည့်အတွက် အပင်ကို ဖျက်ပိုးနှင့် ရောဂါများ ကာကွယ်နှိမ်နင်းရာတွင် ဆေး ပျံ့နှံ့မှုကို ပိုမိုထိရောက်စေပါသည်။ အပင်အတွင်းသို့ ဝင်ရောက်သော အလင်းရောင်သည် အသီးအရောင်ကို ကောင်းစေပါသည်။ အသီးအရည်အသွေးကို မြင့်မားစေပါသည်။

ကိုင်းဖြတ်ခြင်းသည် မြင်တွေ့နေကျ အဓိက လုပ်ဆောင်ချက် ဖြစ်ပါသည်။ အဓိက ရည်ရွယ်ချက်မှာ အထက်ပါ လိုအပ်ချက်များနှင့် ရိတ်သိမ်းခြင်းနှင့် ဥယျာဉ်ခြံများတွင် စက်ကိရိယာများ လှုပ်ရှားအသုံးပြုခြင်းတို့ကို ရရှိသော အပင်ပုံသဏ္ဍာန်ကောင်းများ ဖွံ့ဖြိုးလာစေရန် ဖြစ်ပါသည်။ စံပြအပင်သည် ပင်မကိုင်း ၃ ကိုင်း သို့မဟုတ် ၄ ကိုင်းထက် ပိုမရှိသင့်ပါ။ အတွင်းပိုင်းတွင် အလင်းဖွင့်

ပေးထားရပါသည်။ အပင်ကို နှိမ့်ထားရပါသည်။ ဥပမာ ၄-၅ မီတာ။ ယင်းအမြင့်ထက် ကျော်ပါက အသီးခူးရာတွင် အခက်အခဲများ ရှိလာပါသည်။

## <u>အပင်ငယ်များကို ကိုင်းဖြတ်ပြုပြင်ခြင်း</u>

**အစောပိုင်း ကြီးထွားမှုအဆင့်များသည် အပင်ငယ်များကို အစဦး ပုံသွင်းပေးခြင်းအတွက် အရေးပါဆုံး ဖြစ်ပါသည်။** ပုံသဏ္ဍာန် ဖွဲ့စည်းမှုကောင်းသော အပင်သည် အသီးများများ သီးနိုင် သည်။ ဆေးဖြန်းခြင်း လုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်သည်။ အသီးရင့်မှည့်ချိန်တွင် အသီး အရောင်ကောင်းစေရန် အလင်းရောင်များများ ဝင်ရောက်ခြင်းအတွက် ဖြစ်ရန် သေချာသည်။

သရက်ပင်များ ညီညာစွာ ကြီးထွားသည်။ ညီညာမှုသည် ပင်စည်ပေါ်တွင် အရွက်များကို ဝက်အူရစ်ပုံကဲ့သို့ စုစည်းတည်ရှိစေခြင်းကို ပုံဖော်ပေးပါသည်။ ယင်းသည် အဖူးများ အကွင်းလိုက် ဖြစ်သကဲ့သို့ ဖြစ်စေရန် ဖြစ်ပါသည်။ အကိုင်းတစ်ကိုင်းတွင် အဖူးတစ်ခု ဖြစ်ပေါ်စေနိုင်ခြင်းသည် အရွက်တစ်ရွက်စီ၏ အခြေတွင် တည်ရှိပါသည်။

**အဖူးကွင်းအထက်တွင် ဖြတ်တောက်ခြင်း ပြုလုပ်လျှင်** အကျိုးဆက်မှာ ပြန်လည်ကြီးထွား ရာတွင် အညွန့် (၇)ခုမှအထက် ပို၍ ငှက်မွေးပုံ အရွက်များ ဖွံ့ဖြိုးလာခြင်းကို ဖြစ်စေပါသည်။ ဖွဲ့စည်းမှုကောင်းသော အပင်တစ်ပင်ကို ရယူလိုလျှင် အညွန့် ၃ ညွန့်၊ ၄ ညွန့်သာ ကျန်သည်ထိ ပါးပေးခြင်းကို ပြုလုပ်ပေးရန် လိုအပ်ပါလိမ့်မည်။ ဤသို့ ပြုလုပ်ပေးသည်ပင်လျှင် **ယင်းအခြေအနေသည် အားနည်းချက်တစ်ခု ဖြစ်ပါလိမ့်မည်။ မုန်တိုင်းများ သို့မဟုတ် လေပြင်းများကြောင့် အပင် လဲကျနိုင်ပါသည်။**



**အဖူးကွင်းအောက်မှ ဖြတ်လျှင်** အရွက်များသည် ပင်စည်တစ်လျှောက် ပိုမိုပြန့်ကားစွာ ထွက်လာပါသည်။ **ယင်းသည် ပထမဆုံး ဖြတ်တောက်ခြင်း ပြုလုပ်ရန် စံပြနေရာ ဖြစ်ပါသည်။** ယင်းသည် ပင်စည်မှ အကိုင်းများ ကောင်းစွာ ပြန့်ကားထွက်ခြင်းကို ဖြစ်စေရန် သေချာပါလိမ့်မည်။ အညွန့် ၃ ညွန့်သာလျှင် ပုံမှန် ဖွံ့ဖြိုးလာပြီး အကျိုးဆက်အနေဖြင့် အနာဂတ်ကာလ ကြီးထွားမှုအတွက် သန်မာသော ဖရိန်ပုံစံတစ်ခု ဖြစ်လာပါသည်။

အစဦး ဖြတ်တောက်ပေးခြင်း ပြုလုပ်ပြီးနောက် ၁ မီတာကျော်ကျော် အရှည်ထိ အကိုင်းများ ကြီးထွားရန် အညွန့် ၃ ညွန့်ကို ခွင့်ပြုပေးပါ။ ထို့နောက် ကြီးထွားဆဲ အပင်ကို ထောက်မထားရန် အတွက် သန်မာသော အကိုင်းကောင်းတစ်ခုကို ပေးလာစေရန် ၁ မီတာခန့်တွင် ပြန်ဖြတ်ပေးပါ။ တစ်ဖန် ဤသို့ ဖြတ်ရာတွင် အဖူးကွင်းအောက်တွင် ဖြတ်မိရန် အရေးကြီးပါသည်။ သို့မှသာ အညွန့် ၃ ညွန့်သာလျှင် ကြီးထွားပါလိမ့်မည်။

ကြီးထွားဆဲ အပင်ငယ်များအတွက် လိုအပ်သော ကိုင်းဖြတ်မှုများကို ဂရုတစိုက် ပြုလုပ်သင့်ပါသည်။ -ဤသို့ ပြုလုပ်ပြီးနောက် အပင်များသည် ယင်းတို့ဘာသာ ကိုင်းထွက်ခြင်း စသင့်ပါသည်။ **အပင်ငယ်များကို နှစ်အတွင်း အချိန်မရွေး ကိုင်းဖြတ်ပေးနိုင်ပါသည်။ ရည်ရွယ်ချက်မှာ အပင်မြင့် ထက် ပြန့်ကားဖွံ့ဖြိုးသော အပင် ဖြစ်သင့်ပါသည်။**

အောက်နှင့် အတွင်းဖက်သို့ ကြီးထွားသော အကိုင်းများ သို့မဟုတ် တစ်ကိုင်းနှင့်တစ်ကိုင်း ကန့်လန့်ဖြတ်နေသော အကိုင်းများကို ဖယ်ရှားပေးသင့်ပါသည်။

<u>**ကိုင်းဖြတ်ခြင်းအမျိုးမျိုး**</u>



## အသီးသီးနေသောအပင်များ

အပင်များကို နှစ်တိုင်း ကိုင်းဖြတ်ခြင်း မလိုအပ်နိုင်ပါ။ ယင်းသည် အခြေအနေတစ်ခုပေါ်တွင် မူတည်ပါသည်။ သရက်ပင်များသည် ရွက်စုများထွက်လာခြင်းဖြင့် ကိုင်းဖြတ်ပေးရန် ဖော်ပြပါသည်။ ကိုင်းဖြတ်လေ အပင်သန်လေနှင့် အညွန့်သစ်များ ပိုထွက်လေ ဖြစ်ပါသည်။

သရက်အများစုသည် ထိပ်ပိုင်းအသီးထွက်သည့်အမျိုးဖြစ်၍ ရှုပ်ထွေးတတ်ပါသည်။ ဥပမာ ယင်းတို့သည် ကိုင်း၏အဆုံးမှ ပန်းပွင့်ကြသည်။ ရင့်သော သစ်သားပိုင်းပေါ်တွင် ပန်းပွင့်မှုသာလျှင် ဖြစ်သည်။ ဥပမာ - အညွန့်သည် ရက်သတ္တ ၆-ပတ် သို့မဟုတ် ပိုကြီးသော အညွန့်များ။

**ထို့ကြောင့် ယင်းသည် ပန်းပွင့်ချိန်နီးမှ အညွန့်အဖူးများ မထွက်သော အပင်မျိုးအဖြစ် သေချာ ရရှိစေရန် အရေးကြီးပါသည်။**

မည်သို့ပင်ဖြစ်စေ - အသီးသီးနေသော အပင်များကို ကိုင်းဖြတ်ပေးရန် လုပ်သင့်သောအခါက အချိန်နှစ်ချိန် ရှိပါသည်။

## ပထမအကြိမ်ကိုင်းဖြတ်ပေးခြင်း - (အသီးခူးပြီးနောက်)

**ယင်းကို အသီးခူးပြီးနောက် ချက်ချင်းလုပ်သင့်ပါသည်။**

ယင်းအချိန် ကိုင်းဖြတ်ခြင်းတွင် ပါဝင်သည်မှာ -

**<u>အောက်အနားပိုင်းညှိဖြတ်ပေးခြင်း</u>** - မြေဩဇာထည့်ပေးခြင်းနှင့် ပေါင်းနှိမ်ရန် အပင်အောက် ဆေးဖြန်းခြင်းကဲ့သို့သော ဥယျာဉ်ခြံလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကာအကွယ် ဖြစ်နိုင်သော တွဲလောင်းကျနေသည့် အကိုင်းများကို ဖယ်ရှားပေးခြင်း ဖြစ်သည်။

**<u>ဖွင့်ပေးခြင်း</u>** - ဆေးဖျန်းရာတွင် ဆေးရောက်ရှိမှု အကန့်အသတ်ဖြစ်နေသော အပင်၏ အလယ်ပိုင်းရှိ ကန့်လန့်ဖြတ် သို့မဟုတ် ရှုပ်ထွေးနေသော အကိုင်းများကို ဖယ်ရှားပေးခြင်း ဖြစ်သည်။

**<u>အပင်ကျန်းမာရေးအထောက်အကူပြုခြင်း</u>** - ရောဂါပိုးများ ဝင်ရောက်မှု၏ အရင်းအမြစ် ဖြစ်နိုင်သော အပင်ရှိ ရောဂါရနေသော သို့မဟုတ် သေနေသောအကိုင်းများကို ဖယ်ရှားပေးခြင်းများ ပါဝင်ပါသည်။

**<u>ဒုတိယအကြိမ်ကိုင်းဖြတ်ပေးခြင်း - (ပန်းမပွင့်မီ)</u>**

အချိန်မှန်ဖြစ်လျှင် ယင်းကိုင်းဖြတ်သည် အရွက်သစ်များ ထွက်ခြင်းထက် ပို၍ ပန်းပွင့်မှု ဖြစ်ပေါ်လာသည်။

ကံမကောင်းလျှင် ပန်းစပွင့်လာပြီးနောက် သိပ်မကြာမီ သို့မဟုတ် အလွန်ကြာမှ ပြုလုပ်လျှင် ပင်ပိုင်းအညွန့်သစ်များကြောင့် သီးနှံဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်သော ကိုင်းဖြတ်ချိန်မှာ ရက်သတ္တနှစ်ပတ်မှ လေးပတ်ထိ အချိန်တိုကလေးသာ ကန့်သတ်ထားပါသည်။

**<u>အောက်အနားပိုင်း ညှိဖြတ်ပေးခြင်း</u>** - အသုံးဝင်မှု မရှိသည့် မြေကြီးပေါ်တွင် ဒရွက်တိုက်နေသော အသီးများ ဖြစ်ပေါ်နိုင်သည့် တွဲလောင်းနိမ့်ကျနေသော အကိုင်းများကို ဖယ်ရှားပေးပါ။

**<u>ဖွင့်ပေးခြင်း</u>** - ထိပ်ပိုင်းတွင် ဖွင့်ပေးသကဲ့သို့ အပင်၏ အတွင်းပိုင်းရှိ ရှုပ်ထွေးနေသော အခက်အလက်နှင့် အကိုင်းများကို ဖယ်ထုတ်ပစ်ပါ။ ယင်းသို့ ပြုလုပ်ပေးခြင်းသည် အင်းဆက်နှင့် ရောဂါများကို ကာကွယ်နှိမ်နင်းရာတွင် ဆေးများ ပျံ့နှံ့မှု ကောင်းစေခြင်းအပြင် အသီး၏ အရောင်အသွေး တိုးတက်စေခြင်း၊ အပင်အတွင်းပိုင်းသို့ အလင်းရောင် ရောက်ရှိစေခြင်းကိုလည်း ခွင့်ပြုပေးပါသည်။

**<u>ထိပ်ဖျားပိုင်းများ</u>**

<u>အပင်အရွယ်ကို လျှော့ချခြင်း</u> - ဖြတ်ပေးသည့် ပမာဏပေါ် မူတည်၍ ထုတ်လုပ်မှုကို နှစ်နှစ် သို့မဟုတ် ပို၍ ဆုံးရှုံးနိုင်သဖြင့် အပင်အရွယ်အစားကို လျှော့ချရန် သစ်တိုးကြီးများ ပြန်ဖြတ်ခြင်းကို သရက်တွင် အစဉ်သဖြင့် စွန့်စားမှု ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဖြတ်ချိန်မှန်လျှင် ပန်းများသည် အဖြတ်ခံထားရသော အကိုင်းကြီးများပေါ်မှပင်လျှင် ဖွံ့ဖြိုးလာနိုင်ပါသည်။ အရွယ်လျှော့ချခြင်း သို့မဟုတ် စွန့်စားဆောင်ရွက်ခြင်း နည်းလမ်းတစ်ခုမှာ တစ်နှစ်လျှင် တစ်ကိုင်း သို့မဟုတ် နှစ်ကိုင်း ဖြတ်ပေးခြင်း သို့မဟုတ် တစ်နှစ်လျှင် တစ်ခြမ်းသာလျှင် ဖြတ်ပေးခြင်း ဖြစ်ပါသည်။

## အပင်ကျန်းမာရေး အထောက်အကူပြုခြင်း

ပန်းပွင့်နှင့် အသီးများသို့ ရောဂါပိုးများ ဝင်ရောက်မှုကို လျှော့ချပေးရန်မှာ မဖြစ်မနေ လုပ်ရပါသည်။ ရောဂါကျနေသော သို့မဟုတ် သေနေသော အကိုင်းများကို ပန်းမပွင့်မီ ဖယ်ရှားပေးသင့်ပါသည်။

## အပင်အိုကြီးများကို နုပျိုစေခြင်း

အပင်အိုကြီးများသည် ယင်းတို့၏ အရွယ်အစားအရ ခူးဆွတ်ရန် မကြာခဏ ခက်ခဲမှု ရှိပါသည်။ ၄င်းပြင် ပိုးမွှားများ ကာကွယ်နှိမ်နင်းရန် ဆေးဖြန်းချိန်တွင် တစ်ပင်လုံးသို့ ရောက်ရှိရန် ခက်ခဲသည့်အတွက် ဖျက်ပိုးများ (အဓိကအားဖြင့် ချေးဖတ်)နှင့် ရောဂါများ ကြီးထွားလာမှု ရှိလာနိုင်ပါသည်။ အပင်ကြီးများကို လိုချင်သော အရွယ်စားသို့ ရရန် ဖြတ်ထုတ်ခြင်းသည် ဖြစ်နိုင်ပါသည်။ သို့ရာတွင် ကိုင်းဖြတ်ခြင်း ပြင်းထန်မှုအပေါ် မူတည်၍ သုံးကြိမ်မျှထိ အသီးရမှု ဆုံးရှုံးနိုင်ပါသည်။ ချန်ထားသည့် တစ်ခြမ်းမှ အသီးထုတ်လုပ်ခြင်းသည် အသီးအရွယ်နှင့် အရည်အသွေးကို တိုးတက်စေသင့်ပါသည်။ တစ်ကြိမ်တည်းဖြင့် အပင်များကို ပြန်၍ ကာမိစေပါသည်။

အလွန်မြင့်သော သန်စွမ်းသည့် အပင်ကြီးများကို ဖြတ်ပိုင်းခြင်းကို အဆင့် ၂ ဆင့်ဖြင့် လုပ်ဆောင်သင့်ပါသည်။ ပင်မပင်စည်အမြင့်ကို ၃-၄ မီတာခန့်တွင် ဖြတ်ပါ။ အမှန်တကယ် ဖြတ်ရန်မှာ ဘေးကိုင်းများရှိသော နေရာ၌ ဖြစ်သင့်ပါသည်။ ယင်းလုပ်ငန်းအတွက် လွှကိုင်း သို့မဟုတ် ချိန်းလွှတစ်ချောင်း လိုအပ်ပါလိမ့်မည်။ အပင်တစ်ဝက်ကို ဖြတ်ထုတ်ပါ။ ကျန်ပင်စည်ပိုင်းနှင့် အရွက်သည် ဖြတ်ထားသော သစ်ငုတ်တိုကို နေလောင်ခြင်းမှ အကာအကွယ် ကူညီပေးပါလိမ့်မည်။ နေထိနေသော ဖြတ်လှီးထားသည့် ပင်စည်ပိုင်းအသားနှင့် အကိုင်းများကို ရေ ၃-၄ ဆဖြင့် ရောဖျော်ထားသော အဖြူရောင်သုတ်ဆေးဖြင့် သုတ်လိမ်းပေးသင့်ပါသည်။ ဤလုပ်ငန်းသည် ဒဏ်ရာရထားသော အခေါက်ကို ထိုးဖောက်ပိုးများ တိုက်ခိုက်ခြင်း ဖြစ်နိုင်မှုရှိသော နေလောင်ခြင်းဒဏ်ကို ကာကွယ်ပေးရန် ဖြစ်ပါသည်။ အချိန်တိုကာလအတွင်း အညွန့်များ ဖွံ့ဖြိုးလာပါမည်။ ယင်းအထဲမှ အသန်စွမ်းဆုံးကို ရွေးပါ။ အငုတ်ပေါ်ပတ်လည်တွင် ညီညာစွာ နေရာခွဲယူပါ။ ဖြစ်နိုင်လျှင် အမြင့်ခြားနားပါစေ။ အခြားအညွန့်များအားလုံးကို ဖယ်ထုတ်ပစ်ပါ။ ဤလုပ်ငန်းစဉ်ကို ရွေးချယ်ထားသော အညွန့်များက လွှမ်းမိုးလာသည်ထိ လိုအပ်လျှင် မကြာခဏဆိုသလို ပြုလုပ်ပေးသင့်ပါသည်။ ထို့နောက် အပင်၏ ကျန်အပိုင်းများကို ဖြတ်ပယ်ပစ်နိုင်ပါသည်။ လုပ်ငန်းကို ထပ်လုပ်ရပါသည်။

အရွယ်ကြီးရင့်သော မသေချာသည့် အပင်ကြီးများသည် သင့်တော်သော ကိုင်းဖြတ်မှု ပြုလုပ်ပေးခြင်းဖြင့် နုပျိုလာနိုင်ပါသည်။ ဤအရာသည် အပင်ကို ကိုယ်ထည်ပိုင်း ပုံသွင်းပေးမှု ဖြစ်ပါသည်။ ဥပမာ - အပင်၏ အကိုင်းများကို ဖြတ်ထုတ်ပစ်ခြင်းသည် အခြေခံဖရိန်သာလျှင် ကျန်ရှိပါသည်။

သင့်တင့်သော ကိုယ်ထည်ပိုင်းသာ ရှိခြင်းသည် အပင်ဖွံ့စည်းမှုကို ထိန်းသိမ်းမှု ပြုလုပ်သည့် တစ်ချိန်တည်းမှာပင် သစ်သားများ ကျန်းမာစေရန် အကိုင်းများ ဖြတ်ထုတ်ခြင်းကို လိုအပ်သည်များ ပြုလုပ်ပေးပါလိမ့်မည်။ အထူးအားဖြင့် မသေချာသည့် အပင်ကြီးများသည် အကိုင်းအားလုံးကို ပင်စည်သာလျှင် တစ်မီတာခန့် ကျန်စေခြင်း သို့မဟုတ် အကိုင်းကျန်စေခြင်းဖြစ်ရန် ဖြတ်ထုတ်ပစ်သော ကိုယ်ထည်ဖွဲ့စည်းမှု ပြုလုပ်ခြင်းမှ အကျိုးရှိလာပါလိမ့်မည်။ ပင်စည်တစ်ခုလုံးနှင့် ကျန်နေသော အကိုင်းများကို နေလောင်မှုနှင့် ထိုးပိုးများ တိုက်ခိုက်ခြင်းမှ တားဆီးရန် သုတ်ဆေးအရည်များဖြင့် သုတ်လိမ်းပေးသင့်ပါသည်။ ဤအကြောင်းနှစ်မျိုးလုံးသည် အတက်၊ အညှောင့် ကြီးထွားမှုကို တိုးပွားစေခြင်း ဖြစ်စေပါလိမ့်မည်။ ဤအရာများကို အရင်က ဖော်ပြခဲ့သည့်အတိုင်း ပြုပြင်ဆောင်ရွက်ပေးသင့်ပါသည်။

## ထိပ်ဖျားပိုင်းများ ဖြတ်ပေးခြင်း

လွှတစ်ချောင်းဖြင့် အကိုင်းကြီးများ ဖြတ်ခြင်း ပြုလုပ်သည့်အခါ ထိပ်ပိုင်းမှ အားလုံးကို မဖြတ်မီ ဖြတ်ပေးရန် အကိုင်း၏ အောက်ဖက်သို့ ၂၀-၄၀ မီလီမီတာ ဖြတ်ရာတစ်ခု အစဉ်အမြဲ ပြုလုပ်ရပါသည်။ ဤသို့ လုပ်ခြင်းသည် ဖြတ်ရာကို သပ်ရပ်စေပါသည်။ ထို့ပြင် ဖြတ်ရာဖြင့် အဆုံးသတ်ထားသဖြင့် အကိုင်းများ ပွဲကျခြင်းကို တားမြစ်ပေးပါသည်။

အပေါ်ထောင်နေသော အကိုင်းများနှင့် ပင်စည်များကို ဖြတ်ရာမှ ရေဝင်ပြီး ပုပ်ရိခြင်း ဖြစ်စေမှုမှ ကာကွယ်ရန် အနည်းငယ်စောင်း၍ ဖြတ်ပေးသင့်ပါသည်။

အကိုင်းကြီးများနှင့် ပင်မပင်စည်များကို အကိုင်းများပေါ်သို့ လဲကျပြီး ယင်းတို့ကို ပျက်စီးစေသဖြင့် နေရာတစ်ခုထက်ပို၍ ကန့်လန့်ဖြတ်ပိုင်းပေးသင့်ပါသည်။

## အခြေခံကိုင်းဖြတ်ကိရိယာများ

ကိုင်းဖြတ်ကပ်ကျေးများသည် အညွန့်များနှင့် အတက်အညှောင့်များကို ဖြတ်ထုတ်ရန်နှင့် ထိပ်ပိုင်းများ ကိုင်းဖြတ်ပေးရန် လက်ကိုင်တစ်ခု ဖြစ်ပါသည်။ ယင်းတို့သည် အချိန်တိုင်း အသွားထက်နေအောင် ပြုလုပ်ထားသင့်ပါသည်။ ပုံမှန် သန့်ရှင်းပေးခြင်းနှင့် ဆီသုတ်လိမ်းပေးခြင်းသည် အသွားများ ကျိုးပဲ့ခြင်းကို တားဆီးပေးပါသည်။ တစ်စုံသည် ဒေါ်လာအနည်းငယ် ပို၍ ကုန်ကျနိုင်ပါသည်။ သို့ရာတွင် အစဉ်အမြဲ ပိုမိုကြံ့ခိုင်ပြီး အသွားထက်မြက်ပါသည်။ ယင်းတို့သည် အသွားများ လဲလှယ်သုံးစွဲနိုင်ခြင်း အကျိုးကိုလည်း ရစေပါသည်။





အမှား-ရှည်လွန်း၊ အငုတ်ကလေး သေသွားလိမ့်မည်။



အမှား-နီးလွန်း၊ အဖူးကလေး ခြောက်သွားလိမ့်မည်။



အမှန်

**ထိပ်ညှိဖြတ်ခြင်းများ - (အကိုင်းတစ်စိပ်တစ်ပိုင်းဖယ်ခြင်း)**

ထိပ်ညှိပေးခြင်းသည် ဖြတ်ရာအနီးမှ အဖူးများ ကြီးထွားမှု ကို လှုံ့ဆော်ပေးသည်။ ဖြတ်ရာအောက်ဖက်မှ အဖူးညွှန်ပြရာလမ်းသည် အညွန့်သစ်ထွက်မည့် လားရာကို ဆုံးဖြတ် မည့် အမှတ်လမ်းဖြစ်သည်။ အမြင့်ကို လျော့ချရန်နှင့် သဘာ၀ကျကျ ပုံစံကို ရရှိစေရန် ထိပ်ပိုင်းညှိဖြတ်ခြင်းကို ရွေးချယ်ပြုလုပ်ပါ။

**အကိုင်းဖြတ် အသွားများ**

ယင်းတို့သည် ၅၀ မီလီမီတာအထိ အချင်းရှိသော အကိုင်းကြီးများ ဖယ်ရှားရန်အတွက် အသုံး၀င်ပါသည်။ အမျိုးအစား နှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ အသွားသည် ကွေးနေပြီး ဖြတ်သည့် အပြားကို ဖိသောနေရာတွင် ကန့်လန့်ကျော်ဖြတ်ခြင်း လုပ်ဆောင်ချက် ပါရှိသည်။ ဤအမျိုးအစားသည် အကိုင်းကြီးများတွင် အသုံးပြုလျှင် ဆီလျော်သော ပြန့်ကားမှု ရှိပါသည်။



အခြားတစ်မျိုးမှာ ပေတံုးကဲ့သို့ ဖိဖြတ်သော ပုံစံတစ်ခု ပါရှိပါသည်။ အသွားသည် ဖြောင့်ပါသည်။ ဖြတ်မည့်အပြား/ ပေတံုးတစ်ခုပေါ်သို့ ဖြတ်ချပါသည်။ ဤပုံစံသည် ပို၍ ကြံ့ခိုင်ပါသည်။ အကိုင်းကြီးများပင် ဖြစ်သော် လည်း ၂ ခါ သို့မဟုတ် ထို့ထက်ပို၍ ဖြတ်ပေးခြင်းများဖြင့် ဖြတ်နိုင်ပါသည်။

## <u>ကိုင်းဖြတ်လွှ</u>

ဤကိရိယာသည် ၁၅၀ မီလီမီတာထိ အချင်းရှိသော အကိုင်းကြီးများနှင့် ပင်စည်များကို ဖြတ်နိုင်စွမ်း ရှိပါသည်။ ယင်းတွင် အပင်ခွကြားများကဲ့သို့ လုံး၀ အကန့်အသတ်ဖြစ်နေသော အခြေအနေများတွင် အသုံးပြုရန် စွမ်းဆောင်ပေးနိုင်သော သင့်တင့်စွာ ကျဉ်းပြီး အနည်းငယ်ကွေးသော အသွား ပါရှိသည်။ တစ်ချို့သော ထုတ်လုပ်မှု ပုံစံများသည် အပင်တွင် မြင့်သော အကိုင်းများထိ ရောက်စေရန် အသုံးပြုသူ ဆောင်ရွက်နိုင်စေမည့် လက်ကိုင်ရှည်များကို တပ်ဆင်ရန် ပုံစံပြုလုပ်ထား သည်များလည်း ရှိပါသည်။






http://myanmar.humanitarianinfo.org/agriculture/default.aspx

**<u>သစ်တုံးကြီးများ ဖယ်ရှားခြင်း</u>**

သစ်တုံးများကို အဆင့်လိုက် ဖယ်ရှားပေးသင့်ပါသည်။ အကောင်းဆုံး ကိုင်းဖြတ်ခြင်း ပြုလုပ်သည့် ဖြတ်ရာကို အကိုင်းဆက်နေရာ အပြင်ဘက်တွင် ပြုလုပ်ရသည်။ အကိုင်းအခေါက်ဖုသို့ ၄၅ ဒီဂရီမှ ၆၀ ဒီဂရီ စောင်းဖြင့် ဖြတ်ရသည်။